


Volume III, Issue 36 31 May 2023



| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များအား တွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား | ၅ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး | ၈ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ | ၁၀ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား | ၁၂ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလျက်ရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး | ၁၅ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ | ၁၆ |
| ၉ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Committee for External Relations of St. Petersburg ၏ Vice Chairman Vyacheslav G. Kalganov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး | ၁၈ |
| ၁၀ | ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများအား လက်ခံဆောင်ရွက်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ် | ၁၉ |
| ၁၁ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၂၃ |
| ၁၂ | ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများကို ရှေးမူမပျက်ပြန်လည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ | ၂၄ |
| ၁၃ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် | ၂၅ |
| ၁၄ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင် | ၃၀ |
| ၁၅ | ပြည်သူများ၏ ကိုယ်ပိုင်အကျိုးစီးပွားယာဉ်များအား KNLA တပ်မဟာ (၆) မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီး | ၃၂ |
| ၁၆ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၃၃ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များအား တွေ့ဆုံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၉ ရက်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌လည်းကောင်း၊ မေလ ၃၀ ရက်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌လည်းကောင်း အသီးသီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲများသို့ တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကော်ဖီစိုက်ကေတိုးမြှင့်နိုင်ရေးနှင့် ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်မှချေးငွေဆောင်ရွက်ပေးစေလိုမှု၊ ပင်းတယမြို့နယ်၏ အဓိကထုတ်ကုန်ဖြစ်သည့် လက်ဖက်ထုတ်လုပ်မှုအား အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး လိုအပ်သည့်နည်းပညာ၊ စက်ကိရိယာနှင့် ရင်းနှီးမတည်ငွေများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းဒေသတွင် အရည်အသွေးပြည့်မီသည့် ကော်ဖီသီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဒေသတွင်းကော်ဖီစိုက်ကေဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက်ကော်ဖီဈေးကွက်ပိုမိုရရှိရေး လိုအပ်သည်များကို ကူညီပေးစေလိုမှု၊ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် စက်ရုံတိုးချဲ့မှုများ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးစေလိုမှု၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းခဲ့ပါသည်။

လုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှုများနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင်-




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ MSME လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးနေမှု**

- နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံ၏ စီးပွားရေးမတိုးတက်ရခြင်း၏ အကြောင်းရင်းမှာ ကုန်ထုတ်လုပ်မှုများ နည်းပါးနေခြင်းကြောင့်ပင်ဖြစ်ကြောင်း။
- ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ဧကချင်းအထွက်နှုန်းမှာ ၆၇ တင်းခန့်သာ ထွက်ရှိသဖြင့် တစ်ဧကချင်းအထွက်နှုန်းကို ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။
- ကော်ဖီနှင့် လက်ဖက်များကို စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းများ နည်းပါးနေသဖြင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ယခုထက် တိုးတက်လာမည်ဖြစ်ကြောင်း။
- ပအိုဝ်းဒေသအတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ထုတ်ကုန်များကို ပိုမိုဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်စေလိုကြောင်း။
- ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း။
- လျှပ်စစ်ဓာတ်အားရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဒေသတွင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် အရင်းအနှီးများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စည်းကမ်းဥပဒေများနှင့်အညီ နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိကြောင်း။
- MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။
- ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- ပင်းတယဒေသတွင် ကြက်၊ ဝက်၊ နွားနှင့်အခြားတိရစ္ဆာန်များကို အောင်မြင်အောင် မွေးမြူဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အသားထုတ်လုပ်မှုများကို ဆောင်ရွက်ပေးနိုင်သည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။
- အတန်းပညာများရှိမှသာ အတတ်ပညာရှိမည်ဖြစ်ပြီး အတတ်ပညာများရှိမှသာ ကျွမ်းကျင်သူများ ဖြစ်လာမည်ဖြစ်သဖြင့် ပင်းတယဒေသအတွင်း ပညာတတ်များ ပေါ်များရေး ပညာရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။
- ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ခရီးသွားများကို ဆွဲဆောင်နိုင်မှုရှိသည့် သဘာဝပတ်ဝန်းကျင်အလှအပများရှိသည့်အပြင် ရာသီဥတုကောင်းမွန်ပြီး ထင်ရှားသည့်နေရာများကိုလည်း ပိုင်ဆိုင်ထားရှိသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

- ဒေသမှထွက်ရှိသည့် ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ဆွဲဆောင်မှုရှိအောင်နှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသသို့ လာရောက်သူများလည်း များပြားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များစသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မေလ ၂၈ ရက်တွင် တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီးနောက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စေတီတော်ကြီးများအား ရေရှည်တည်တံ့ခိုင်မြဲပြီး ကြည်ညိုသပ္ပါယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

- **နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်။**
- **ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ဧကချင်းအထွက်နှုန်းမှာ ၆၇ တင်းခန့်သာ ထွက်ရှိသဖြင့် တစ်ဧကချင်း အထွက်နှုန်းကို ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်။**
- **လျှပ်စစ်ဓာတ်အားရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို။**
- **လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် အရင်းအနှီးများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စည်းကမ်းဥပဒေများနှင့်အညီ နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိ။**
- **MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်။**
- **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ခရီးသွားများကို ဆွဲဆောင်နိုင်မှုရှိသည့် သဘာဝပတ်ဝန်းကျင် အလှအပများရှိသည့်အပြင် ရာသီဥတုကောင်းမွန်ပြီး ထင်ရှားသည့်နေရာများကိုလည်း ပိုင်ဆိုင်ထားရှိသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ကြရန်လို။**
- **ဒေသမှထွက်ရှိသည့် ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ဆွဲဆောင်မှုရှိအောင်နှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသသို့ လာရောက်သူများလည်း များပြားလာမည်ဖြစ်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒေသထွက်ကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဟိုပုံးရေထွက်ကြီးရှိ ရေထွက်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၉ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား အဆိုပါသင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ရာတွင်-

- တပ်မတော်အနေဖြင့် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာစစ်သည်တော်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တက်ရောက်နေကြသူများကို တပ်မတော်အင်ဂျင်နီယာကဏ္ဍ စွမ်းပကားများ တိုးတက်မြင့်မားလာစေရေး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း။
- သို့ဖြစ်၍ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် အင်ဂျင်နီယာဘာသာရပ်များကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ယူကြရန်လိုကြောင်း။
- သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ရောက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့် ပညာရပ်များ မှန်မှန်ကန်ကန် အသုံးချပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။
- ပညာဟူသည်မှာသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည်နှင့် မပြီးဆုံးဘဲ ကိုယ်တိုင်လည်း အမြဲမပြတ်လေ့လာနေရန်လိုပြီး ကျွမ်းကျင်သူများဖြစ်မှသာ ပညာရှင်များဖြစ်လာမည်ဖြစ်ကြောင်း။
- အင်ဂျင်နီယာဘာသာရပ်များကို သင်ယူရာတွင် အင်္ဂလိပ်စာသည် မဖြစ်မနေ တတ်မြောက်ထားရန် လိုသည့်အတွက် လေ့လာလေ့ကျင့်သွားရန်လိုကြောင်း။
- တပ်မတော်သားအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန် တပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်ကြောင်း။
- တပ်မတော်အတွင်း၌ မှန်မှန်ကန်ကန်ဖြင့် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ဆောင်ရွက်မည်ဆိုပါက ဘဝအတွက်တိုးတက်မှုများကိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ ပျောက်ဆုံးမှုမရှိစေရေး မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ဘဝကို ထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ်သောက်စားမှုများနှင့် အပျော်အပါးများကို ရှောင်ကြဉ်ရန်လိုကြောင်း။
- စစ်သည်တစ်ဦးချင်းမှစ၍ မိမိကိုယ်ကို တိုးတက်ကောင်းမွန်အောင် လေ့လာသင်ယူဆောင်ရွက်ကာ လူကောင်းလူတော်များ ပေါ်များလာမည်ဆိုပါက တပ်မတော်နှင့် တိုင်းပြည်သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ဒီမိုကရေစီအစိုးရသက်တမ်း ၂ ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကိုပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံသင်တန်းကျောင်းအတွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မေလ ၃၀ ရက်တွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၅-၂၀၂၃)**

- **ပညာဟူသည်မှာသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည်နှင့် မပြီးဆုံးဘဲ ကိုယ်တိုင်လည်း အမြဲမပြတ် လေ့လာနေရန်လိုပြီး ကျွမ်းကျင်သူများဖြစ်မှသာ ပညာရှင်များဖြစ်လာမည်ဖြစ်။**
- **အင်ဂျင်နီယာဘာသာရပ်များကို သင်ယူရာတွင် အင်္ဂလိပ်စာသည် မဖြစ်မနေ တတ်မြောက်ထားရန် လိုသည့်အတွက် လေ့လာလေ့ကျင့်သွားရန်လို။**
- **တပ်မတော်အတွင်း၌ မှန်မှန်ကန်ကန်ဖြင့် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ဆောင်ရွက်မည်ဆိုပါက ဘဝအတွက်တိုးတက်မှုများကိုရရှိမည်ဖြစ်၊ မိမိတို့၏ ရည်မှန်းချက်များ ပျောက်ဆုံးမှုမရှိစေရေး မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ဘဝကို ထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ်သောက်စားမှုများနှင့် အပျော်အပါးများကို ရှောင်ကြဉ်ရန်လို။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သင်တန်းသားများနှင့်အတူ နေ့လယ်စာစားသုံးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌
ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အားပေးစကားပြောကြားနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၉ ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ထီသိမ်ဘူတာယာဒ်ဝင်း လေ့ကား၊ ပလက်ဖောင်း တည်ဆောက်ခြင်းနှင့် ရထားလမ်းအပိုင်းပတ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အေးသာယာနှင့် ပေါ်မှုဘူတာယာဒ်ဝင်း သံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ရထားလမ်းများကို လူအများသွားလာခြင်းသာမက ကုန်ပစ္စည်းများတင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အားကောင်းမွန်အောင် စနစ်တကျတည်ဆောက်ရန်လိုကြောင်း။
- ရထားများကို တောင်ပေါ်တွင်မောင်းနှင်သည့် ပုံမှန်အမြန်နှုန်းများအတိုင်း မောင်းနှင်ပြေးဆွဲနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး ဘရိတ်စနစ်များကို ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း။
- ရထားလမ်းများကို အနာဂါတ်တွင် ထပ်မံအဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရေး ရထားလမ်းနယ်များကို ကြိုတင်သတ်မှတ်ဆောင်ရွက်၍ လမ်းနယ်အမှတ်အသားများကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း။
- ရထားလမ်းတစ်လျှောက် ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများ စိုက်ပျိုးနိုင်ရန်လိုသဖြင့် သစ်တောဥပဒေများရေးဆွဲပြီး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း။
- ရထားများ ယခုထက် အမြန်နှုန်းတိုးမြှင့်ပြေးဆွဲနိုင်ရေး၊ လူစီးရထားများကို RBE တွဲများဖြင့် ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုပြီး လျှပ်စစ်ရထားပြေးဆွဲရေးနှင့် ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်းအထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ်ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်တွင် အဆိုပါအမြန်နှုန်းထက် ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက် အင်ဂျင်နီယာရှုထောင့်မှ သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။
- ရထားအသုံးပြု၍ ပြေးဆွဲခြင်းသည် Public Transportation ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို သက်သာစေပြီး အများပြည်သူသွားလာမှု၊ ကုန်ပစ္စည်းများတင်ပို့မှုအတွက်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထီသိမ်ဘူတာအနီးတွင် ထည့်သွင်းဖောက်လုပ်နေသည့် ရထားလမ်း အဝိုင်းပတ်နေရာစီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု**

များစွာအထောက်အကူပြုသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီသိမ်ဘူတာအနီးတွင် ထည့်သွင်းဖောက်လုပ်နေသည့် ရထားလမ်း အဝိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုပြီး စီမံကိန်းဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ပါသည်။

အဆိုပါ ထီသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်မည့် ရထားလမ်းအဝိုင်းပတ်ကို ရှမ်းပြည်နယ်၏ ထင်ရှားသော ဘဝသံသရာရထားလမ်းနှင့် တံတားပုံစံအတိုင်း တည်ဆောက်လျက်ရှိကြောင်းနှင့် ရထားစီးခရီးသည်များအား ဆွဲဆောင်နိုင်သည့် ရထားလမ်းပိုင်းနေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၅-၂၀၂၃)**

- **ရထားလမ်းများကို လူအများသွားလာခြင်းသာမက ကုန်ပစ္စည်းများတင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အားကောင်းမွန်အောင် စနစ်တကျတည်ဆောက်ရန်လို။**
- **မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်းအထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်တွင် အဆိုပါအမြန်နှုန်းထက်ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက် အင်ဂျင်နီယာရှုထောင့်မှ သုံးသပ်ဆောင်ရွက်ကြစေလို။**
- **ရထားအသုံးပြု၍ ပြေးဆွဲခြင်းသည် Public Transportation ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို သက်သာစေပြီး အများပြည်သူသွားလာမှု၊ ကုန်ပစ္စည်းများတင်ပို့မှုအတွက် များစွာအထောက်အကူပြုသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သယ် ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်။**
- **ထီသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်မည့် ရထားလမ်းအဝိုင်းပတ်ကို ရှမ်းပြည်နယ်၏ ထင်ရှားသော ဘဝသံသရာရထားလမ်းနှင့် တံတားပုံစံအတိုင်း တည်ဆောက်လျက်ရှိပြီး ရထားစီးခရီးသည်များအား ဆွဲဆောင်နိုင်သည့် ရထားလမ်းပိုင်းနေရာတစ်ခုဖြစ်လာမည်ဖြစ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့်အဖွဲ့ဝင်များက မေလ ၃၀ ရက်တွင် တောင်ကြီးမြို့၊ ပင်လုံရိပ်သာညှော်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ယခုနှစ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံမှု (၇၅) နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံကဏ္ဍပေါင်းစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သိပ္ပံနှင့်နည်းပညာရပ်ပိုင်းဆိုင်ရာ ပညာရပ်များ အပါအဝင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ပညာတော်သင်များစေလွှတ်လျက်ရှိသည့် အခြေအနေများ၊ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအပြန်အလှန် ခရီးသွားလာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌထံ အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့တွေ့ဆုံ၍ နှစ်နိုင်ငံကဏ္ဍပေါင်းစုံတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား မေလ ၃၀ ရက်တွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ရာတွင်-

- စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုသင်တန်းအစကာလမှ သင်တန်းပြီးဆုံးသည်အထိ စဉ်ဆက်မပြတ်သောကြိုးစားအားထုတ်မှုများဖြင့် ဆောင်ရွက်ရန်လိုကြောင်း။
- မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။
- သင်တန်းတက်ရောက်ချိန်ကာလအတွင်း တပ်မတော်နှင့် ပတ်သက်သည့် ပညာရပ်များ၊ စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျသင်ယူပြီး လက်တွေ့ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။
- လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများကောင်းမွန်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သောလေ့လာမှုများဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ သွားရောက်၍ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများ၊ နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန် ရေထွက်ရေကန်သဲနုန်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းနှင့် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြ အရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကလောတပ်နယ် နယ်မြေခံတပ်ရင်းဌာနချုပ်ရှိ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား သက်သာသော ဈေးနှုန်းဖြင့်ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာစားသုံးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံပြီး ကလောတပ်နယ် နယ်မြေခံတပ်ရင်း ဌာနချုပ်များရှိ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများ၊ နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန် ရေထွက်ရေကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မေလ ၃၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)နှင့် စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ရုရှားနှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေး၊ မြန်မာ-ရုရှား နှစ်နိုင်ငံလေကြောင်းလိုင်းများ ပုံမှန်ပျံသန်းနိုင်ရေး၊ မြန်မာနိုင်ငံအတွင်း မီးရထားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် နည်းပညာကဏ္ဍမြှင့်တင်နိုင်ရေး၊ အသေးစားနယူးကလီးယား လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး၊ မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

- **ဒုတိယဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့တွေ့ဆုံ၍ မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလျက်ရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့ရာ မတ်လ ၂၈ ရက်အထိ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီ၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ လာရောက်လျှောက်ထားလျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ အနက် ပါတီအမှတ် (၁) မှ (၁၈) အထိအား ကြေညာချက်အမှတ် အသီးသီးထုတ်ပြန်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး မေလ ၃၀ ရက်တွင်လည်း ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို ပါတီအမှတ် (၁၉)၊ နာဂအမျိုးသားပါတီ(NNP) ကို ပါတီအမှတ် (၂၀) အဖြစ် ထပ်မံခွင့်ပြုခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းပညာဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မေလ ၂၉ ရက်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းပညာဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးခဲ့ကြောင်းနှင့် အဆိုပါ ပါတီသည် ပါတီဝင်အင်အား တစ်သိန်းကျော် စုဆောင်းရရှိပြီး ပါတီရုံးခန်းပေါင်း ၂၄၇ ရုံး ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

- **မတ်လ ၂၈ ရက်အထိ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီ၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ လာရောက်လျှောက်ထားလျက်ရှိ။**
- **အဆိုပါ ပါတီများအနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် အသီးသီးထုတ်ပြန်၍ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအမှတ် (၁) မှ (၁၈) အထိ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီအမှတ် (၁၉) မှ (၂၀) အထိ ထပ်မံခွင့်ပြုခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမား လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေလ ၂၉ ရက်နှင့် ၃၀ ရက်တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်နှင့်တွေ့ဆုံရာတွင်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံရာတွင်** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်နေမှု၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့်အခြေအနေနှင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များစိစစ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့။
- **အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

ဆွေးနွေးပွဲများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်နေမှု၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Committee for External Relations of St. Petersburg ၏ Vice Chairman Vyacheslav G. Kalganov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး






ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Committee for External Relations of St. Petersburg ၏ Vice Chairman ဦးဆောင်သော North-West Institute of Management of Russian Presidential Academy of National Economy and Public Administration (NWIM RANEPA) တက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် မေလ ၂၉ ရက်တွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးမှုတွင်-

- ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ NWIM RANEPA တို့အကြား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းများနှင့် အဆင့်မြင့်အရာထမ်းသင်တန်းများတွင် သင်ခန်းစာများလာရောက်ပို့ချရန်ကိစ္စ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ ဆရာ/ဆရာမများအား ToT သင်တန်းများ အပြန်အလှန်ပေးခြင်း၊ သင်ကြားရေးအတွေ့အကြုံများ ဖလှယ်ခြင်း၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ နှစ်နိုင်ငံအပြန်အလှန် လေ့လာရေးခရီးစဉ်များ သွားရောက်ရန်ကိစ္စ၊ ပညာသင်စေလွှတ်ရေးအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အတွေ့အကြုံများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်)တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၃၀-၅-၂၀၂၃)**

- **ဆွေးနွေးမှုတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် သင်ခန်းစာများ လာရောက်ပို့ချရန်ကိစ္စ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ ဆရာ/ဆရာမများအား TOT သင်တန်းများ အပြန်အလှန်ပေးခြင်း၊ သင်ကြားရေး အတွေ့အကြုံများဖလှယ်ခြင်း၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ နှစ်နိုင်ငံအပြန်အလှန် လေ့လာရေးခရီးစဉ်များ သွားရောက်ရန်ကိစ္စ၊ ပညာသင်စေလွှတ်ရေးအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အတွေ့အကြုံများပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများအား လက်ခံဆောင်ရွက်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်



**တနင်္သာရီတိုင်းဒေသကြီး၌ ကျောင်းအပ်လက်ခံနေမှု**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေလ ၂၃ ရက်မှ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းသား/သူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေလ ၃၀ ရက်အထိ ကျောင်းအပ်နှံသူ ၆,၁၅၇,၉၂၈ ဦးရှိပြီး ကျောင်းသား/သူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား/သူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေးအပ်လျက်ရှိရာ မေလ ၂၉ ရက်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အောင်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်နယ်ခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်မြို့ရှိ ရောဝတီခန်းမ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌လည်းကောင်း၊ မေလ ၃၀ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌လည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေလ ၃၀ ရက်အထိ ကျောင်းအပ်နှံသူ ၆,၁၅၇,၉၂၈ ဦးရှိ။**
- **သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား/ သူများအား ပညာသင်ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့။**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများအား လက်ခံဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ


ရန်ကုန်တိုင်းဒေသကြီး


ကရင်ပြည်နယ်


ချင်းပြည်နယ်


ရှမ်းပြည်နယ်


ရခိုင်ပြည်နယ်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများအား လက်ခံဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ


စစ်ကိုင်းတိုင်းဒေသကြီး


မကွေးတိုင်းဒေသကြီး


မွန်ပြည်နယ်


မန္တလေးတိုင်းဒေသကြီး


ကချင်ပြည်နယ်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နေပြည်တော်ကောင်စီနယ်မြေ



ရှမ်းပြည်နယ်




ကရင်ပြည်နယ်



ရန်ကုန်တိုင်းဒေသကြီး



ဧရာဝတီတိုင်းဒေသကြီး

# ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကို ကျင်းပခဲ့ရာ-

- မေလ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား ၁ ဦး၊ သဃ်န်းကျွန်းမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား ၁ ဦး၊ မွန်ပြည်နယ်၊ ရေးမြို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁ ဦး၊ သထုံမြို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁ ဦး၊ စုစုပေါင်း ၄ ဦးအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီးပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။
- မေလ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် မွန်ပြည်နယ်၊ ရေးမြို့တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၂ ဦးသည် SigSauer P 320 အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ကျည် ၅ တောင့်နှင့်အတူ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သေနတ် ၁ လက်အတွက် ငွေကျပ်သိန်း ၂၀ နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီး မေလ ၃၀ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင်အမျိုးသား ၃၉၆ ဦးနှင့် အမျိုးသမီး ၁၃၄ ဦး၊ စုစုပေါင်း ၅၃၀ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရေးမြို့နှင့် သထုံမြို့တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၄ ဦးအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီးပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**

- ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် ရေးမြို့တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၂ ဦးအား ငွေကျပ်သိန်း ၂၀ ကို ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်ခဲ့။
- မေလ ၃၀ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင်အမျိုးသား ၃၉၆ ဦးနှင့် အမျိုးသမီး ၁၃၄ ဦး၊ စုစုပေါင်း ၅၃၀ ဦးရှိပြီဖြစ်။

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများကို ရှေးမူမပျက်ပြန်လည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများနှင့် ဂူဘုရားများအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ-

- Mr. Somla Naik (Assistant superintending Archaeological Engineer) ဦးဆောင်သော အဖွဲ့ဝင်ငါးဦးသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ ရှေးဟောင်းအဆောက်အအုံအမှတ် (၂၃၅) သိကြားပုန်းဘုရားနှင့် ရှေးဟောင်းအဆောက်အအုံအမှတ် (၁၆၀၀) နတ်လှျောင်ကျောင်းနံရံပန်းချီ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။
- Mr. Arun Prasad Madumaia (Assistant Superintending Archaeological Engineer) ဦးဆောင်သော အဖွဲ့ဝင်ငါးဦးသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ ရှေးဟောင်းအဆောက်အအုံအမှတ် (၂၂၅) မြတောင်အုတ်ကျောင်း၊ ရှေးဟောင်းအဆောက်အအုံအမှတ်(၂၀၁၁)နှင့် ရှေးဟောင်းအဆောက်အအုံအမှတ် (၂၀၁၃) မွန်ဂူတို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ငလျင်ဇုန်အတွင်းကျရောက်နေခြင်းကြောင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် ကြိုတင်ကာကွယ်အားဖြည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Soil Test များ ဆောင်ရွက်ပေးခြင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှဝန်ထမ်းများ အရည်အသွေးမြင့်မားစေရန် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များ၌ ပညာသင်ဆုများပေးအပ်၍ သင်ယူစေခြင်းနှင့် အိန္ဒိယနိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်ဒေသများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၅-၂၀၂၃)**

- ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံအမှတ် (၂၃၅) သိကြားပုန်းဘုရား၊ ရှေးဟောင်းအဆောက်အအုံအမှတ် (၁၆၀၀) နတ်လှေ့ာင်ကျောင်းနံရံပန်းချီ၊ ရှေးဟောင်းအဆောက်အအုံအမှတ် (၂၂၅) မြတောင်အုတ်ကျောင်း၊ ရှေးဟောင်းအဆောက်အအုံအမှတ် (၂၀၁၁) နှင့် ရှေးဟောင်းအဆောက်အအုံအမှတ် (၂၀၁၃) မွန်ဂူတို့အား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်




ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခံခဲ့ရသည့် ဒေသများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

- မေလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် စစ်တွေမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် သစ်ပင်ဖြတ်စက်များ၊ သံဖြတ်စက်များနှင့် စွမ်းအားမြင့် ဟိုက်ဒရောလစ်ဖြတ်စက်များ လက်တွေ့အသုံးချသရုပ်ပြသမှု၊ စစ်တွေမြို့ မင်းဂံရပ်ကွက်၌ ဆေးကုသရေးအဖွဲ့က ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးနေမှု၊ ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံများ၊ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းများ ပျက်စီးနေမှု၊ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် အမြန်ဆုံးဖြန့်ခွဲနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့။
- မေလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေတပ်နယ်နှင့် ကျောက်ဖြူမြို့၊ စစ်တောတပ်နယ်ရှိ နယ်မြေခံတပ်ဌာနချုပ်များ၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးနေသော စစ်ရေယာဉ်မှူးများ၊ နယ်မြေခံရေတပ်အခြေစိုက်စခန်းများကို တွေ့ဆုံစစ်ဆေး၍ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့။
- မေလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊ ဘူးသီး



တောင်မြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးတို့သည် သောက်သုံးရေခက်ခဲနေသော ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်နေခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ ထရန်စဖော်မာများ ပြင်ဆင်နေခြင်းတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့။

- ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းကြောင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၏ မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး ပြုပြင်ခြင်းများ အမြန်ဆုံးဆောင်ရွက်ခဲ့ရာ မေလ ၂၉ ရက်အထိ မိုဘိုင်းစခန်းစုစုပေါင်း ၇၉၃ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် ၉၁ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ပြီဖြစ်။
- မေလ ၃၀ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် စစ်တွေ၊ မင်းပြား၊ မြောက်ဦးတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ သွားရောက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် စိုက်ပျိုး/ မွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့။
- မေလ ၃၀ ရက်တွင် ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်ဖြူ၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တောနှင့် ဘူးသီးတောင်မြို့များသို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လမ်းဘေး ဘယ်/ညာ၌ လဲကျနေသောသစ်ပင်ကြီးများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ သောက်သုံးရေသန့်နှင့် စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့မှလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ။
- မေလ ၃၀ ရက်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီးအတွင်းရှိ ဆေးကုသဆောင်များ၊ ဆေးသိုလှောင်ရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ စုစုပေါင်း ၂၄ ဆောင်အနက် ၉ ဆောင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူးရုံးနှင့် ဆေးသိုလှောင်ရုံ စုစုပေါင်းအဆောင် ၄ ဆောင်အနက် ၂ ဆောင်၊ သူနာပြုသင်တန်းကျောင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ ၉ ဆောင်အနက် ဝန်ထမ်းအိမ်ရာတစ်ဆောင် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်။

ထိုသို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ








- ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခံခဲ့ရသည့်ဒေသများသို့ တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိ။
- မေလ ၂၉ ရက်အထိ မိုဘိုင်းစခန်းစုစုပေါင်း ၇၉၃ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် ၉၁ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ပြီဖြစ်။
- ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီးအတွင်းရှိ အဆောင် ၉ ဆောင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူးရုံးနှင့် ဆေးသိုလှောင်ရုံရှိ အဆောင် ၂ ဆောင်၊ သူနာပြုသင်တန်းကျောင်းရှိ ဝန်ထမ်းအိမ်ရာတစ်ဆောင်တို့ကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်



မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများအား တပ်မတော်လေယာဉ်/ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပါသည်။

- မေလ ၂၉ ရက်တွင် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ်(ပြည်တော်အေး-၂)ဖြင့် အခြေခံလူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ် ၂ စီး စုစုပေါင်းတန်ချိန် ၆၇၂ တန်တို့အား ပို့ဆောင်ခဲ့။
- အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ် ၄ စီးဖြင့် တာပေါ်လင်များ၊ လူသုံးကုန်ပစ္စည်းများ၊ သစ်ဆိုဒ်မျိုးစုံနှင့် အိမ်ဆောက်ပစ္စည်းများ၊ စားသောက်ကုန်များ စုစုပေါင်းကုန်တန်ချိန် ၁၂၈ တန်ခန့်အား ပို့ဆောင်ခဲ့။
- မေလ ၃၀ ရက်တွင် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ၁ စီးဖြင့် ဆန်တန်ချိန် ၅၀ အားလည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ် ၁ စီးဖြင့် သစ်တန်ချိန် ၁၀.၀၇ တန်အားလည်းကောင်း ပို့ဆောင်ခဲ့။
- အလားတူ သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV-Charities ရေယာဉ် ၁ စီးဖြင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၂,၅၁၁ တန်အား ပို့ဆောင်ခဲ့။
- မေလ ၃၀ ရက်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် လျှပ်စစ်ပစ္စည်းများ၊ ရေသန့်စက်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် ၁ ကြိမ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအပါ ဆေးပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်ဖြင့် ၂ ကြိမ် ပို့ဆောင်ပေးခဲ့။

အဆိုပါတပ်မတော် လေယာဉ်/ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် မုန်တိုင်းဒဏ်သင့် မြို့နှင့်ကျေးရွာများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**







- ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကုန်တန်ချိန် ၃,၃၂၁.၀၇ တန်အား စစ် ရေယာဉ်များဖြင့် ပို့ဆောင်ခဲ့။
- တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့။

# ပြည်သူများ၏ ကိုယ်ပိုင်အကျိုးစီးပွားယာဉ်များအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီး



မေလ ၂၉ ရက်တွင် ကားနှင့်ဆိုင်ကယ်အဟောင်းများ တင်ဆောင်၍ ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီးယာဉ်နှင့် ၆ ဘီးယာဉ် ၂ စီးအား KNLA တပ်မဟာ (၆) မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ကားဘီးများအား ပစ်ဖောက်၍ ယာဉ်မောင်းခန်းအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးနှင့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ ခရီးသည်တင်ယာဉ်လိုင်းများအား မိုင်းခွဲတိုက်ခိုက်ခြင်း၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဆက်ကြေးများကောက်ခံခြင်းများအပြင် ပြည်သူများ၏ ကိုယ်ပိုင်အကျိုးစီးပွားယာဉ်များကိုပါ အကြောင်းမဲ့နှောက်ယှက်မှုများကြောင့် ပြည်သူများက ရွံရှာမုန်းတီးလျက်ရှိပါသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာသွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား ပစ်ခတ်တိုက်ခိုက်၍ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၅-၂၀၂၃)**

- **KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၂ စီးအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးခဲ့။**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- မေလ ၁၇ ရက်မှ ၃၀ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသ ကြီး၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၃ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်ထိ စုစုပေါင်း ၁,၄၆၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၅-၂၀၂၃)**

- **မေလ ၁၇ ရက်မှ ၃၀ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၃ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်ထိ စုစုပေါင်း ၁,၄၆၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**